Government of Western Australia
Department of Health

Burmese

# ကလေးကစားကွင်း၏ ပစ္စည်းကိရိယာများနှင့် ၁၀မီတာအတွင်း ဆေးလိပ်ငွေ့ကင်းသောနေရာများ

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစတင်သော ဆေးလိပ်သောက်ခြင်းဆိုင်ရာ ကန့်သတ်ချက် အသစ်များ

## ကလေးကစားကွင်း၏ ပစ္စည်းကိရိယာများအနီးတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သည်။

ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်အတွင်း မည်သည့်ကလေးကစားကွင်းများ၏ ပစ္စည်းကိရိယာများနှင့်မဆို ၁၀မီတာအတွင်း ဆေးလိပ်သောက်ခြင်းကို တားမြစ်ပါသည်။

ကလေးကစားကွင်းများ၏ ပစ္စည်းကိရိယာများသည် -

- အများပြည်သူအသုံးပြုသောနေရာ သို့မဟုတ် အများပြည်သူအသုံးပြုသောနေရာ၏ တစိတ်တပိုင်းဖြစ်လျှင်၊ ထို့အပြင်
- အများပြည်သူအတွက် ကာရံအသုံးပြုသောနေရာအတွင်းမဟုတ်လျှင်၊ ထိုနေရာမှ ၁၀မီတာအတွင်း ဆေးလိပ်မသောက်ရပါ။

ဤဥပဒေအသစ်သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ ဥယျာဉ်များ၊ ပန်းခြံများ၊ ပြည်နယ်အစိုးရကပိုင်ဆိုင်ပံ့ပိုးထားသည့် Kings Park ကဲ့သို့သော ဥယျာဉ်များနှင့် ဟိုတယ်များ၊ အမြန်ထုပ်ပိုးရရှိသော စားသောက်ဆိုင်များ၊ အစားအစာဆိုင်များနှင့် အားကစားနှင့်ဆိုင်သောနေရာများရှိ ကလေးကစားကွင်းများအတွက် အကျုံးဝင်မည်ဖြစ်သည်။

### ဆိုင်းဘုတ်များ

ကလေးကစားကွင်းများ၏ ပစ္စည်းကိရိယာများနှင့် ၁၀မီတာအတွင်း ဆေးလိပ်သောက်ခြင်းကို တားမြစ်ကြောင်း အများသိရှိစေရန်အတွက် ကလေးကစားကွင်းများ၏ ပစ္စည်းကိရိယာများ၏ အနီးဝန်းကျင်တွင် "ဆေးလိပ်မသောက်ရ"၊ သို့မဟုတ် "ဆေးလိပ်သောက်ခြင်းကို တားမြစ်သည်" ဟူသောဆိုင်းဘုတ်များကို စိုက်ထောင်ထားခြင်း၊ ခင်းကျင်းပြသထားခြင်း ပြုရမည်။

ဤတားမြစ်ချက်ကို လုပ်ငန်းရှင်များနှင့် မြို့နယ်အလိုက် တာဝန်ရှိသူများက အများပြည်သူထံ ဆက်သွယ်အသိပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနအနေနှင့် သင့်လျော်ရာဆိုင်းဘုတ်များကို ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

### တားမြစ်ချက်လိုက်နာရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း

- မြို့နယ်အုပ်ချုပ်ရေးအဖွဲ့သည် ကလေးကစားကွင်းများ၏ ပစ္စည်းကိရိယာများနှင့် ၁၀မီတာအတွင်း ဆေးလိပ်သောက်ခြင်းကို ကြပ်မတ်ဆောင်ရွက်ရေးအတွက် အဓိကတာဝန်ရှိသည်။
- ဤတားမြစ်ချက်ဥပဒေအသစ်က မြို့နယ်ကောင်စီများ ကြပ်မတ်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအရာရှိများ၊ သို့မဟုတ် ရိန်ဂျာခေါ် ကင်းလှည့်စစ်ဆေးသူများကဲ့သို့သော အကူအရာရှိများကို ခန့်အပ်နိုင်ခွင့် ပေးထားသည်။

အရေးကြီးသောအချက်မှာ ဤတားမြစ်ချက်ဥပဒေအသစ်ကို အများပြည်သူ၏ထောက်ခံချက် မြင့်မားစွာရခဲ့ကြောင်းဖေါ်ပြလိုပါသည်၊ ထို့အပြင် ပြီးခဲ့သော အတွေ့အကြုံများအရ ဩစတြေးလျားနိုင်ငံ အနောက်ပြည်နယ်မှ ပြည်သူအများစုအနေနှင့် လိုက်နာဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

### ပြစ်ဒဏ်များ

အကယ်၍ ကလေးကစားကွင်းများ၏ မည်သည့်ပစ္စည်းကိရိယာများနှင့်မဆို ၁၀မီတာအတွင်း ဆေးလိပ်သောက်သောပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရပါက တာဝန်ရှိသူကို အောက်ဖေါ်ပြပါအတိုင်း ပြစ်ဒဏ်များချမှတ်မည်ဖြစ်သည်။

- တရားရုံးမှချမှတ်မည့် အမြင့်ဆုံးပြစ်ဒဏ် ဒေါ်လာ ၁၀၀၀
- တရားဥပဒေချိုးဖေါက်မှု နို့တစ်စာ ဒေါ်လာ ၂၀၀

ပိုမိုသိလိုပါက ဆေးရွက်ကြီးနှင့်ဆေးလိပ်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဌာန ကိုဆက်သွယ်ပါ။
တယ်လီဖုန်း - ၁၃၀၀ ၇၈၄ ၈၉၂
အီးမေးလ် - tcb@health.wa.gov.au ကို ဆက်သွယ်ပါ။

**Disclaimer:**

The information contained in this factsheet has been produced as a guide only.

To view the full details in the relevant Tobacco Control legislation, visit www.health.wa.gov.au/tobaccocontrol

HP 11901 OCT'10